www.ISPMyanmar.com


ISP DATA MATTERS

28 January 2022

CONFLICT, PEACE AND SECURITY

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၂**

## ■ နှစ်ပေါင်း ၃၀ ကျော်အတွင်း ပဋိပက္ခကြောင့် အရပ်သားသေဆုံးမှု စံချိန်တင်




မြန်မာနိုင်ငံ၌ နိုင်ငံရေးနှင့် စစ်ရေးပဋိပက္ခများကြောင့် သေဆုံးသူ အရပ်သားအရေအတွက်မှာ စစ်တပ်က အာဏာသိမ်းယူခဲ့သော ၂၀၂၁ ခုနှစ်တွင် ၃,၅၉၈ ဦးထက်မနည်းရှိခဲ့ပြီး ထိုအရေအတွက်သည် ၁၉၈၉ ခုနှစ်နောက်ပိုင်း အများဆုံးအနေဖြင့် စံချိန်တင်ခဲ့ပါသည်။ မီဒီယာနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကိုအခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုခဲ့သော စာရင်းများအရ နှစ်ပေါင်း ၃၀ ကျော်အတွင်း နိုင်ငံရေးနှင့် စစ်ရေးပဋိပက္ခများကြောင့် သေဆုံးရသည့် အရပ်သား ၂၄,၀၄၀ ဦးထက်မနည်းရှိခဲ့ပြီး၊ ထိုပမာဏ၏ ၁၅ ရာခိုင်နှုန်းခန့်သည် ၂၀၂၁ ခုနှစ်အတွင်း သေဆုံးခဲ့ရခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွက် ကိန်းဂဏန်းများကို မှတ်တမ်းပြုရာ၌ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စာရင်းများ၊ ISP-Myanmar က ပြုစုထားသောစာရင်းများအပြင် Uppsala Conflict Data Program (UCDP)၊ Armed Conflict Location and Event Data Project (ACLED)၊ Peace Research Institute Oslo (PRIO) ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများက ဖော်ပြသောစာရင်းများနှင့် စစ်ကောင်စီ၏ ထုတ်ပြန်ချက်များကိုလည်း အခြေပြုခဲ့ပါသည်။ စစ်ကောင်စီစာရင်းများနှင့် ပတ်သက်၍ သီးခြားလွတ်လပ်သော အဖွဲ့အစည်းများ၏ အတည်ပြုချက်မရှိသည်ကို သတိပြုရမည်ဖြစ်ပါသည်။

မှတ်ချက် - အရပ်သားဟုဆိုရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်မဟုတ်သောသူများကို ဆိုလိုပါသည်။